# အိုးထိန်းသည် ခဝါသည်နှင့် ဆင်ဖြူချင် မင်းတစ်ပါး

ဉာဏ်ဦးမောင်

“အိုးထိန်းသည်နဲ့ခဝါသည်”လို့ဆိုလိုက်ရင် အသက်အရွယ် အတန်ကြီးရင့်သူများကတော့ ဘာကိုဆိုလိုကြောင်း နားလည်မှာပါ၊ နောက်ပြီး မူလတန်းဖတ်စာအုပ်ထဲမှာ ဖတ်ခဲ့ရတဲ့ အိုးထိန်းသည်နဲ့ ခဝါသည်အကြောင်း ဇာတ်လမ်းလေးကိုလည်း ပြန်လည်သတိရမိကြမှာပါ။ ခုနောက်ပိုင်း လူငယ်များတော့ ဖတ်ခွင့်ရလေမှာ မဟုတ်ပေဘူးပေါ့။ သိတဲ့အတိုင်းပါပဲ။ စာရေးသူတို့ဆီမှာက ပညာရေးမူဟာ စမ်းသပ်လို့ပြီးနိုင်တယ် မရှိတာကြောင့် မကြာခဏ ပြောင်းလဲရိုးမို့ ဒီနှစ်ဒီသင်ရိုးက နောက်နှစ်မှာ တစ်မျိုးဖြစ်နိုင်တာမျိုးမဟုတ်လား၊ နောက်ပြီး ပညာရေးသင်ရိုးပြောင်းရာမှာလဲ ဘယ်အရာက အဓိကဆိုတာထက် ဒီနှစ် “က ကညစ်၊ ပေမှာ ချစ်” “ခ ခရာ၊ အသံသာ”ဆိုတဲ့အစား နောင်နှစ်မှာ “က ကလေးငယ်၊ ချစ်စဖွယ်” “ခ ခရေကုံး၊ မလေးပြုံး”ဆိုတာမျိုးလောက် ပြောင်းဖို့ကိုသာ အဓိက ထားလေသမို့ ပြောင်းရွှေ့လျက် ရွှေမရွှေ့တဲ့ ပညာရေးမျိုးကိုလည်း တွေ့ရမှာပါ။

ကဲထားလိုက်ပါတော့၊ ပြောလိုတာက ဒါမဟုတ်လို့။အိုးထိန်းသည်နဲ့ ခဝါသည်အကြောင်းကို မကြားသိမဖတ်ရဘူးသေးတဲ့ သူများလည်း နားလည်နိုင်အောင်လို့ ဇာတ်လမ်းလေးကို ဒီနေရာမှာ အကျဉ်းမျှပြန်ပြောပါရစေဦး။

ရှေးက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်သတဲ့၊ အဲဒီ တိုင်းပြည်မှာ အိုးလုပ်ပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ အိုးထိန်းသည် မိသားစုနဲ့ အဝတ်အထည်တွေကို ဖွတ်လျှော်ပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ ခဝါသည်မိသားစုတို့နေထိုင်ကြတယ်တဲ့၊ အိုးထိန်းသည်ကတော့ အလုပ်ကို ကြိုးစားပမ်းစား မလုပ်တာရယ်၊ ကုသိုလ်ကံအထောက် အပံ့ကလဲ နည်းလေတာကြောင့် စီးပွားရေးမကောင်းပဲ ချို့တဲ့တယ်တဲ့။ ခဝါသည်မိသားစုကတော့ အလုပ်ကိုလဲ ကြိုးကြိုးစားစားလုပ်ကိုင်၊ ကုသိုလ်ကံရဲ့အထောက်အပံ့လဲရှိလို့ အဆင်ပြေပြေ ချမ်းချမ်းသာသာနဲ့ နေနိုင်သတဲ့။ ဒီ မိသားနှစ်စုဟာ အိမ်နားနီးပါး တစ်ရပ်ထည်းသားတွေမို့ တစ်ဦးအကြောင်းတစ်ဦးလဲ သိကြပါတယ်တဲ့။ ဒီလို တစ်ဦးက ချို့တဲ့နွမ်းပါး တစ်ဦးက ပြည့်ပြည့်စုံစုံဆိုတော့ ချို့တဲ့တဲ့ အိုးထိန်းသည်က ပြည့်စုံတဲ့ ခဝါသည်အပေါ်မှာ မနာလို မရှုဆိတ်ဖြစ်လာပါတယ်တဲ့။

ဒါကြောင့် သူက ခဝါသည်အပေါ်မှာ အကောက်ကြံ ချောက်တွန်းဖို့ စဉ်းစားပါသတဲ့။ ဘယ်လို စဉ်းစားသလဲဆိုတော့ “ဒို့ဘုရင်ကြီးဖြစ်တဲ့ ဗြဟ္မာဒတ်မင်းကြီးဆီမှာ ဘုရင်ကြီးစီးနေတဲ့ ဆင်မည်းကြီး တစ်ကောင်ရှိတယ်။ အဲဒါကို ရှင်ဘုရင်ကြီးထံသွားပြီး အရှင်မင်းကြီးရဲ့ဆင်တော်ကို ဖြူအောင် ခဝါသည်ကို ဖွတ်လျှော်ခိုင်းရင် ဖြူလာပါလိမ့်မယ်လို့ ချောက်တွန်းရရင်ကောင်းမယ်။ ဒါဆို ဒီဆင်မည်းကြီးကို ဖြူအောင်ဖွတ်လျှော်နေရတာနဲ့ ဒီကောင် ခဝါသည် တခြားအလုပ်ကို မလုပ်နိုင်တော့ပဲ စီးပွားပျက် ဒုက္ခရောက်သွားနိုင်တယ်”လို့ တွေးမိသတဲ့။ သူတွေးမိတဲ့အတိုင်း သွားပြီးလျှောက်ထားခဲ့တာကြောင့် ရှင်ဘုရင်ကြီးက ခဝါသည်ကို ဆင့်ခေါ်ပြီး သူ့ဆင်တော် အမည်းကြီးကို ဖြူလာအောင်ဖွတ်လျှော်စေဖို့ ခဝါသည်ကို အမိန့်ချပါသတဲ့။

ဒီအခါမှာ ခဝါသည်က "ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူး။ ဟို အိုးထိန်းသည့်ရဲ့ လက်ချက်ပဲ ဖြစ်ရမယ်။ ဒီပုဂ္ဂိုလ် ငါ့အကြောင်းသိစေရမယ်"ဆိုပြီး သူကဘုရင်ကြီးကို "ဘုန်းတော် ကြီးမြတ်တော်မူသော အရှင်မင်းကြီးဘုရား။ အရှင်မင်းကြီးကဲ့သို့ ရေမြေပိုင်သ အစိုးရတော်မူသော၊ အမျိုးဘာသာ သာသနာကိုလည်း ရှေးမင်းများနဲ့ မတူ၊ အထူးပင်ထောက်ပံ့တော်မူသော၊ ဘုရားတည်၊ ကျောင်းဆောက်၊ တံတားဆောက် လမ်းဖောက်အလုပ်တွေ လုပ်တာကြောင့် ဘုန်းတန်ခိုးတေဇော်လည်း အလွန်ကြီးတော်မူပါသောကြောင့် မဖြစ်နိုင်တာရယ်လို့ ရှိနိုင်မည် မဟုတ်ပါဘုရား။ အရှင်မင်းကြီး အလိုဆန္ဒ ရှိတော်မူလျှင်ဖြင့် ဆင်မည်းက ဆင်ဖြူဖြစ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အရာမျိုး၊ ခက်ခဲတဲ့အရာမျိုး မဟုတ်ပါဘုရား။ သို့ပေမယ့် ဘုရားကျွန်တော်မျိုးတို့လို ခဝါသည်တို့အတွက် ဖွတ်လျှော်ရာမှာ ဖွတ်လျှော်ရမည့် ပစ္စည်းများကို အိုးထဲခွက်ထည်းမှာ ထည့်ပြီးလျှော်ရတာမို့ အရှင်မင်းကြီးရဲ့ ဆင်တော်ကို ဖွတ်လျှော်ဖို့ဆိုရင် ဆင်တော်နဲ့တန်မည့် နောက်ပြီး ဆင်နင်းလည်းခံနိုင်မည့် အိုးကြီးကြီးတစ်လုံး လိုအပ်ပါတယ်ဘုရား" လို့ သာသာထိုးထိုး မြှောက်ပင့်ကာ အကြိုက်လိုက် လျှောက်ထားသတဲ့။

ဒီတော့ ရှင်ဘုရင်ကြီးက "ဟဲ့ ဒီအိုးကို ဘယ်ကရနိုင်ရနိုင်ပါ့မလဲ"လို့ အမေးတော်ရှိသမို့ "အိုးထိန်းသည်ကို စေခိုင်းရင် ရနိုင်ပါလိမ့်မယ်"လို့ ပြန်လျှောက်တင်ပါသတဲ့။ ဒီတော့ မင်းကြီးက အိုးထိန်းသည်ကိုခေါ်ပြီး ဆင်တော်ဝင်ဆန့်မည့် အိုးကြီးကိုပြုလုပ်ဖို့ အမိန့်ရှိပါသတဲ့။ အိုးထိန်းသည်မှာ သူ့အတတ်နဲ့ သူမို့ ဆင်တော်ဝင်မည့်အိုးကြီးကို ပြုလုပ်ရပါသတဲ့။ သို့ပေမယ့် မြေနဲ့လုပ်ရတဲ့ အိုးကြီးမို့ ဘုရင်ကြီးရဲ့ ဆင်တော်ကြီး အနင်းခံနိုင်လောက်အောင်တော့ ဘယ်မှာခိုင်ခန့်နိုင်မှာလဲ။ အိုးဖုတ်ပြီးလို့ ခဝါသည်က ဆင်တော်ကို ဖွတ်လျှော်မည်ဆိုပြီး အိုးကြီးထဲ ဆင်တော်ကြီးကို မောင်းသွင်းလေတိုင်း အိုးကြီးတွေက ကွဲလေတာကြောင့် အိုးထိန်းသည်ခမျာ အိုးကြီးတွေကို အသစ်အသစ် ထပ်ခါထပ်ခါ လုပ်ရပါသတဲ့။ ဒီလို လုပ်နေရတာနဲ့ပဲ တခြားအလုပ်တွေကို ဘာမှမလုပ်နိုင်တော့တာကြောင့် ရှေးကထက်တောင်ပိုပြီး ဆင်းရဲမွဲတေသွားပါသတဲ့။ ဒီဇာတ်လမ်းရဲ့ ဥပဒေသကတော့ "မကောင်းကြံ ဘေးဒဏ်ထိ၊ ကိုယ်သာ ခံရ၏" လို့ဆိုလိုတာပါ။

ဒီအကြောင်းအရာလေးကို စာရေးသူတို့ငယ်ငယ်က ဒုတိယတန်း မြန်မာဖတ်စာအုပ်ထဲမှာ သင်ယူဖတ်မှတ်ခဲ့ရတာပါ။ စာရေးသူတို့ငယ်ငယ်က စာရေးသူတို့ရွာမှာ အစိုးရမူလတန်းကျောင်း မရှိပါဘူး၊ ဒါကြောင့် ရွာဘုန်းတော်ကြီးဦးဆောင်ပြီး (ဘက) ခေါ်တဲ့ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းတစ်ခု ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။စာရေးသူတို့က အဲဒီကျောင်းမှာ တက်ရောက်ကြရပါတယ်။ အဲဒီအချိန်က စာရေးသူတို့ကို သင်ကြားပေးတာက မြို့ကိုတက်ပြီး ပရိယတ္တိစာပေသင်ယူနေတဲ့ ရဟန်းပျိုတစ်ပါးပါ။ နွေအခါ စာဝါနားခိုက် ရွာကိုပြန်ကြွလာစဉ် ကူညီပြီး ဝိုင်းဝန်းသင်ကြားတာဖြစ်ပါတယ်။ ဆရာတော်လေး စာသင်ပုံက တစ်မျိုးဆန်းလို့ စာရေးသူတို့ ကျောင်းသားအများစုက သဘောကျကြပါတယ်။ သူက စာတစ်ပုဒ်သင်ပြီးတိုင်း အဲဒီစာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာများနဲ့ ပတ်သက်ပြီး ကျောင်းသားတွေရဲ့ ထင်မြင်ချက်သဘောထားတို့၊ အယူအဆတို့ စတာတွေကို မေးမြန်းလေ့ရှိပါတယ်။ တခါတရံမှာတော့ အုပ်စုနှစ်စုခွဲပြီး အပြန်အလှန် အချေအတင်ဆွေးနွေး ငြင်းခုံစေပါတယ်။ ဒီအိုးထိန်းသည်နဲ့ ခဝါသည်ဇာတ်လမ်းကို သင်ပြီးရာမှာလည်း ဆရာတော်လေးက ကျောင်းသားတွေကို ဒီဇာတ်ဆောင် သုံးယောက်ထဲက ဘယ်သူကို သဘောကျလဲ။ နောက်ပြီး ဖြစ်ရမယ်ဆိုရင် အဲဒီ သုံးယောက်ထဲက ဘယ်လိုသူမျိုး ဖြစ်ချင်သလဲ။ ဘာကြောင့် သဘောကျတယ်၊ ဘာကြောင့် ဖြစ်ချင်ရတယ် စတာတွေကိုပါ အတန်းသားအားလုံးကို တစ်ယောက်စီ မေးပါတယ်။

သိတဲ့အတိုင်းပါပဲ။ ရေးထားတဲ့စာက ခဝါသည်ကို အားကျဖွယ် အနေအထားဖြစ်နေထာကြောင့် ခဝါသည်လိုမျိုး ဖြစ်ချင်တဲ့ ကျောင်းသားများက အများစုပေါ့။ ဒီအထဲကမှ ငယ်ရွယ်သူတို့ သဘောထားအတိုင်း ရှင်ဘုရင်ကြီးကို အားကျလို့ ရှင်ဘုရင်ကြီးလို ဖြစ်ချင်သူတွေလဲ အများသားပါ။ အဲ အိုးထိန်းသည်လိုမျိုး ဖြစ်ချင်သူကတော့ တစ်ယောက်မှ မပါဘူးပေါ့။

ဒါပေမယ့် အတန်းထဲက တစ်ယောက်ကြောင့် စာရေးသူက ဒီဇာတ်လမ်းလေးကို အမြဲတမ်း မှတ်မှတ်ရရ ဖြစ်နေမိပါတယ်။ နောက်ပြီး သူ့စကားနဲ့ ဆရာတော်လေးရဲ့ စကားတွေကိုလဲ မကြာခဏဆိုသလို စဉ်းစားနေမိတတ်ပါတယ်။ “သူက သူဒီအထဲမှာပါဝင်တဲ့ ဘယ်လိုသူမျိုးမှ မဖြစ်ချင်ဘူးတဲ့။ ဘာကြောင့်လဲဆိုရင် ခဝါသည်က ဉာဏ်ရှိတယ်ဆိုပေမယ့် သူ့ဉာဏ်က တစ်ပါးသူတွေကို ဆင်းရဲဒုက္ခ ရောက်စေတဲ့ ဉာဏ်မို့ သူ မကြိုက်ဘူးတဲ့။ ဘုရင်ကြီးကတော့ တုံးအေကြီးပဲတဲ့။ အတ္တကြီးတဲ့သူ၊ လောဘကြီးတဲ့သူကြီးပဲတဲ့။ အိုးထိန်းသည်က သူ့ဆင်မည်းကြီး ဖြူအောင် လျော်ဖွတ်လို့ရတယ်ဆိုတာနဲ့ အဟုတ်ထင်ပြီး ခဝါသည်ကို ခိုင်းတာတဲ့။ တစ်ခါ ခဝါသည်က ဆင်ကြီး ဖွတ်လျော်ဖို့ အိုးကြီးလိုတယ်ဆိုတာကိုလည်း ဘာမှမစဉ်းစားဘဲ တကယ် အဟုတ်ထင်ပြန်တာပဲတဲ့။ သူ့ဆင်ကြီး ဖြူလာတော့ကော ဘာလုပ်လို့ ရနိုင်မှာလဲ။ နောက်ပြီး ဒီလောက် အတဲ့သူက ဘာကြောင့် ရှင်ဘုရင် ဖြစ်နေရတာလဲတဲ့ ။ တကယ်ဆို ဒီနေရာမှာ ဘယ်သူမျိုး ဖြစ်ချင်သလဲဆိုတာထက် ဒီအထဲမှာ ဘယ်သူ့ကို အမုန်းဆုံးလဲ။ ဒါမှမဟုတ် ဒီအထဲမှာ ဘယ်သူ အမိုက်ဆုံးလဲလို့ ဆရာတော်အနေနဲ့မေးမယ်ဆိုရင် သူ့မှာ အဖြေရှိတယ်တဲ့။ အဲဒီအဖြေကတော့ ဒီအထဲမှာ သူဟာ ရှင်ဘုရင်ကြီးကို အမုန်းဆုံးဖြစ်သလို၊ ရှင်ဘုရင်ကြီး အမိုက်ဆုံးလို့လဲ ဖြေမှာပဲ” တဲ့။

ဒီတုန်းက စာသင်ပေးတဲ့ ဆရာတော်လေးက အဲဒီကျောင်းသားကို သူ့မှာရှိတဲ့ အကောင်းဆုံး ပိုင်းလော့ ဖောင်တိန်တစ်ချောင်း ဆုချီးမြှင့်ခဲ့ပါတယ်။ စာရေးသူတို့ကတော့ ငယ်ငယ်ရွယ်ရွယ်မို့ ဆရာတော်လေးရဲ့ ဆုပေးခဲ့မှုနဲ့ပတ်သက်ပြီး ရုတ်တရက် ကောင်းကောင်းနားမလည်နိုင်ခဲ့ပါဘူး။ ဆရာတော်လေးမေးတာက ဒီဇာတ်လမ်းထဲက ဘယ်လိုသူမျိုး ဖြစ်ချင်သလဲလို့မေးတာကို ဘယ်လိုသူမျိုးမှ မဖြစ်ချင်ဘူးလို့ ဖြေခဲ့တာရယ်၊ နောက်ပြီး စာထဲမှာ မပါတဲ့ ရှင်ဘုရင်ကြီးက တုံးအေ ဆိုတာတွေ အမိုက်ဆုံးဆိုတာတွေရယ်ကိုလဲ နားမလည်နိုင်ခဲ့ပါဘူး။ သို့ပေမယ့် ဘာကြောင့် ဒီကျောင်းသားကို ခုလို ဆုချီးမြှင့်ရသလဲဆိုတဲ့အကြောင်း ဆရာတော်လေးက ရှင်းပြတဲ့အခါမှာတော့ အတန်အသင့် နားလည်သဘောပေါက်ခဲ့ရပါတယ်။

ဆရာတော်လေးက “အေး တပည့်တို့လိုအရွယ် ကျောင်းသာတွေအနေနဲ့ ခုလိုပြောပြခြင်းဟာ အတန်ငယ် မြင့်ကောင်းမြင့်နေပေလိမ့်မယ်။ ဒါပေမယ့် ခုလို ဆုလက်ခံရယူတဲ့ တပည့်လို ကျောင်းသားမျိုးလဲ ဒီအတန်းထဲမှာ အနည်းဆုံး သုံးလေးယောက်တော့ရှိနိုင်တာမို့ သူတို့အတွက် အနည်းငယ် ရှင်းပြမယ်ပေါ့။ ဒီတပည့်ပြောတာ ဟုတ်တယ်။ ဒီဇာတ်လမ်းထဲက ရှင်ဘုရင်ကြီးဟာ သူ့ဆင်ကြီး ဖြူချင်တာကိုပဲ သိတယ်။ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ဆိုတာကိုတောင် စဉ်းစားနိုင်တဲ့ဉာဏ် သူ့မှာ မရှိဘူး။ အိုးထိန်းသည်လို အမိုက်အမဲတစ်ယောက်ရဲ့စကားကို လက်ခံယုံကြည်တာကိုကပဲ အိုးထိန်းသည်ထက် ပိုပြီးမိုက်မဲရာကျတယ်။ ဒီထက်ဆိုးတာက ခဝါသည့်ရဲ့ နောက်ထပ် အတုန့်အလှည့် ချောက်ချတဲ့ စကားကိုပါ ယုံကြည်တာကိုပေါ့။ နောက်ပြီး ရှင်ဘုရင်ဆိုတာ တိုင်းသားပြည်သူတွေရဲ့ အကျိုးစီးပွားကို စောင့်ရှောက်

ကာကွယ်ရမယ့် တာဝန်ရှိတယ်။ ပြည်သူပြည်သားတွေ အကျိုးစီးပွားကို မဖျက်ဆီးရဘူး။ ဆင်းရဲဒုက္ခ ဖြစ်အောင် မလုပ်ရဘူး။ ခုတော့ အိုးထိန်းသည်အနေနဲ့ ဆင်ဖြူတော် ဖွတ်လျော်ဖို့ အိုးတွေလုပ်နေရတာနဲ့ပဲ စီးပွားတွေ ပျက်ရတယ်။ ဒီတော့ သူ့ကိုမှီခိုနေရတဲ့ ဇနီးမယား သမီး သားတွေလဲ ဆင်းရဲဒုက္ခ ရောက်ကြရ ရှာမပေ့ါ။

တပည့်မေးခဲ့သလို ဒီလောက်အတဲ့လူက ဘာလို့ ရှင်ဘုရင်ဖြစ်နေရတာလဲ ဆိုတာကတော့ ရှေးက အဖေရှင်ဘုရင် နတ်ရွာစံရင် သားရှင်ဘုရင် ဖြစ်လေ့ရှိတယ်။ ဒီတော့ အရည်အချင်းတို့၊ အသိအလိမ္မာတို့ မရှိပေမယ့်လည်း အစဉ်အလာအရ ထီးနန်းဆက်ခံတတ်ကြတာမို့ တစ်ခါတလေမှာ အရည်အချင်း အင်မတန် ညံ့ဖျင်းတဲ့သူတွေက ရှင်ဘုရင်ဖြစ်နေတတ်တယ်။ ဒီအခါမျိုးမှာဆိုရင်တော့ တိုင်းပြည်ဟာ အလွန်နစ်နာထိခိုက်တယ်။ “ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ” ဆိုသလိုမျိုးပေ့ါ။ တပည့်တို့လည်း တချိန်ချိန်မှာ အကြီးအကဲ တွေဖြစ်ကြဦးမယ်။အနည်းဆုံးတော့ အိမ်ထောင်တစ်ခုကို ခေါင်းဆောင်ရတဲ့ အိမ်ထောင်ဦးစီး ဖြစ်ကြဦးမယ်။ ဒီအခါမျိုးမှာ သူ့ဆင် ဖြူချင်တာကလွဲပြီး ဘာမှအပို မစဉ်းစားတတ်တဲ့ အလဲအ၊ န လည်း န၊ လိုချင်လောဘလည်းကြီးတဲ့ ဒီဇာတ်လမ်းထဲက ရှင်ဘုရင်လိုမျိုး မဖြစ်ကြရလေအောင်၊ သူများကြီးပွားချမ်းသာတာကို မနာလိုဝန် တိုစိတ်ထားတဲ့ အိုးထိန်းသည်လို သူယုတ်မာမျိုးလဲ မဖြစ်ရလေအောင်၊ နောက်ပြီးတော့လည်း ကိုယ့်ပယောဂကြောင့် သူတစ်ပါးတွေ ဆင်းရဲဒုက္ခဖြစ်စေတဲ့၊ သူ့အနေနဲ့ ဆင်မည်းကို ဖြူအောင်ဖွတ်လျော်လို့ မရနိုင်တဲ့ အကြောင်းကို ရှင်ဘုရင်ကြီးသိအောင် အမှန်အတိုင်း လျှောက်တင်ရမည့်အစား သူ့ရဲ့ဉာဏ်ပညာကို တလွဲမှာအသုံးပြုတဲ့ ခဝါသည်လို သူမျိုးလဲ မဖြစ်ရလေအောင် ကြိုးစားစောင့်ထိန်းကြရမယ်။ အထူးသဖြင့်တော့ အိုးထိန်းသည်တို့ ခဝါသည်တို့လို သာမန်သူတွေ ကောက်ကျစ်တာ မရိုးမသားတာထက် ရှင်ဘုရင်လိုနေရာက ပုဂ္ဂိုလ်က ဖျင်းအနုံချာတာ၊ အလိုလောဘကြီးတာမျိုးက တိုင်းနိုင်ငံအတွက် ပိုပြီးအန္တရာယ်ကြီးတယ်”လို့ ပြောကြားခဲ့ပါတယ်။ ဆရာတော်လေး စကားတွေကို အဲဒီအချိန်က အပြည့်အဝ နားမလည်နိုင်ခဲ့ပေမယ့် အလွန်မှတန်ဖိုးကြီးလှကြောင်းကို အသိဉာဏ်ရင့်သန်လေ ပိုမို နားလည်လေ ဖြစ်ခဲ့ရပါတယ်။

စာရေးသူ သက်တမ်းတလျှောက်မှာ ဆရာအမျိုးမျိုး အတန်းဖော်မိတ်ဆွေအမျိုးမျိုးနဲ့ ကြုံဆုံခဲ့ရဘူးပါတယ်။ ဆရာသမားတွေနဲ့ စာသင်ဖက်မိတ်ဆွေများရဲ့ သူ့နည်းသူ့ဟန်နဲ့ အမှတ်ရ အောင့်မေ့ဖွယ်လေးတွေ ရှိခဲ့ပေမယ့် မူလတန်းအရွယ်က တွေ့ကြုံခဲ့ရတဲ့ ဆရာတော်လေးရဲ့ ထူးခြားတဲ့သင်ကြားမှုလေးတွေကိုတော့ နှစ်ခြိုက်ခုံမင်စွာ၊ ကြည်နူးဆွတ်ပျံ့စွာ ထူးထူးခြားခြား သတိတရရှိနေမိတတ်ပါတယ်။ ငယ်ငယ်ကတည်းကစပြီး စဉ်းစားဆင်ခြင်ဉာဏ်ရင့်သန်အောင် နည်းလမ်းပေးခဲ့တဲ့ ဆရာတော်လေးရဲ့ကျေးဇူးဂုဏ်ကိုလဲ အထပ်ထပ် အမှတ်ရမိပါတယ်။ ဆရာတော်လေးကျေးဇူးကြောင့် ဘယ်စာကိုပဲဖတ်ဖတ်၊ အမှတ်တမဲ့ မဖတ်ဖြစ်ပဲ လေးလေးနက်နက် စဉ်းစားဖတ်တဲ့အလေ့ကို အဲဒီကတည်းက ရရှိခဲ့တယ်။ ခုတိုင်လဲ ဆရာတော်လေးရဲ့ နည်းလမ်းများကို အသုံးပြုဆဲပါပဲ။ နောက်ပြီး ဆရာတော်လေး (ခုတော့ ဆရာတော်ကြီးဖြစ်နေတဲ့ စာရေးသူရဲ့ မြတ်ဆရာ) ဆုံးမခဲ့တဲ့အတိုင်း ဆင်မည်းကို ဆင်ဖြူတော်ကြီးဖြစ်စေချင်လို့ ဖွတ်လျော်ခိုင်းတဲ့အထိ အလည်းအ၊ နလည်းန၊ အလိုလောဘလည်းကြီးတဲ့ ပြဟ္မဒတ်မင်းလိုသူတစ်ဦး မဖြစ်ရလေအောင် ကိုယ့်ကိုယ်ကိုယ်လည်း စောင့်ထိန်းမွေးမြူရင်းနဲ့ပေ့ါ။ ။

နိုဝင်ဘာ ၊ ၁၂ ၊ ၂၀၀၂